အာဆီယံနေ့အခမ်းအနားတွင် အာဆီယံ-ဗီယင်နာကော်မတီဥက္ကဋ္ဌ သံအမတ်ကြီးဦးမင်းသိမ်း အဖွင့်မိန့်ခွန်းပြောကြား

(၂၀-၈-၂၀၂၅ ရက်၊ ဗီယင်နာ)

အာဆီယံ-ဗီယင်နာကော်မတီအနေဖြင့် (၅၈)နှစ်မြောက် အာဆီယံနေ့အထိမ်းအမှတ် အခမ်းအနားကို ၂၀-၈-၂၀၂၅ ရက်တွင် ဩစတြီးယားနိုင်ငံ၊ ဗီယင်နာအပြည်ပြည်ဆိုင်ရာစင်တာ၌ ကျင်းပပြုလုပ်ခဲ့ရာ၊ အခမ်းအနားတွင် အာဆီယံ-ဗီယင်နာဥက္ကဋ္ဌဖြစ်သူ မြန်မာသံအမတ်ကြီး/ အမြဲတမ်းကိုယ်စားလှယ် ဦးမင်းသိမ်းက အဖွင့်အမှာစကားပြောကြားခဲ့သည်။

အခမ်းအနားတွင် လက်ရှိအာဆီယံဥက္ကဋ္ဌ မလေးရှားနိုင်ငံ၏ကိုယ်စား မလေးရှား သံအမတ်ကြီး/ အမြဲတမ်းကိုယ်စားလှယ်က အမှာစကားပြောကြားလျက်၊ အာဆီယံနေ့တွင် မလေးရှားဝန်ကြီးချုပ် ပြောကြားခဲ့သည့် မိန့်ခွန်းဗီဒီယိုအတိုကို ပြသခဲ့ပါသည်။ ထို့နောက် ဩစတြီးယားနိုင်ငံဥရောပနှင့် နိုင်ငံတကာရေးရာဝန်ကြီးဌာန၊ နိုင်ငံရေးရာ ဌာနအကြီးအကဲ သံအမတ်ကြီး Ms. Hannah Liko ကလည်းကောင်း၊ ဗီယင်နာမြို့အခြေစိုက် ကုလသမဂ္ဂရုံး (UNOV)/မူးယစ်ဆေးဝါးနှင့်ပြစ်မှုဆိုင်ရာရုံး (UNODC)၊ အပြည်ပြည်ဆိုင်ရာအဏုမြူ စွမ်းအင်အေဂျင်စီ(IAEA)၊ ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးရေးအဖွဲ့ (UNIDO)နှင့် နျူကလီးယားစမ်းသပ် ဖောက်ခွဲမှု အလုံးစုံတားဆီးပိတ်ပင်ရေးစာချုပ်အဖွဲ့ (CTBTO)တို့မှ ကိုယ်စားလှယ်များကလည်း ကောင်း မိန့်ခွန်းများ ပြောကြားခဲ့ကြသည်။

အခမ်းအနားသို့ ဩစတြီးယားနိုင်ငံဥရောပနှင့်နိုင်ငံတကာရေးရာဝန်ကြီးဌာန၊ ဗီယင်နာမြို့အခြေစိုက် ကုလသမဂ္ဂနှင့် အခြားနိုင်ငံတကာအဖွဲ့အစည်းများမှ အဆင့်မြင့်အရာရှိကြီးများ၊ သံအမတ်ကြီး/အမြဲတမ်းကိုယ်စားလှယ်များ၊ ၎င်းတို့၏ ကိုယ်စားလှယ်များ နှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပြီး၊ ဗီယင်နာမြို့အခြေစိုက် အာဆီယံ သံရုံး/အဖွဲ့ရုံးများက အမျိုးသား ဝတ်စုံများဖြင့် ကပြဖျော်ဖြေလျက် ရိုးရာအစားအစာများဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ASEAN-Vienna Committee Chair Ambassador U Min Thein delivers opening remarks at the ASEAN Day Event

(20-08-2025, Vienna)

Myanmar Ambassador and Permanent Representative U Min Thein, in his capacity as Chair of the ASEAN-Vienna Committee, delivered the opening remarks at the commemorative event of the 58th Anniversary of ASEAN Day, organized by the ASEAN-Vienna Committee on 20 August 2025 at the Vienna International Centre in Austria.

At the ceremony, the Ambassador and Permanent Representative of Malaysia, representing the current ASEAN Chair delivered remarks, followed by a video presentation of the ASEAN Day speech by the Prime Minister of Malaysia. Then, Ambassador Hannah Liko, Head of Political Affairs of the Federal Ministry for European and International Affairs of Austria, as well as representatives of the United Nations Office in Vienna (UNOV)/ the United Nations Office on Drugs and Crime (UNODC), the International Atomic Energy Agency (IAEA), the United Nations Industrial Development Organization (UNIDO), and the Comprehensive Nuclear-Test-Ban Treaty Organization (CTBTO) also delivered remarks.

The event was attended by senior officials from the Federal Ministry for European and International Affairs of Austria, and United Nations offices and other international organizations, Ambassadors/Permanent Representatives and their representatives based in Vienna, and invited guests. ASEAN Embassies and Permanent Missions in Vienna showcased a national costume show and served traditional cuisines.

*******************








WELCOME TO

